# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

**DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)**

အမှတ် (၁၂၄)၊ စတုတ္ထထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


## ဆန္ဒပြပြည်သူများအပေါ် အရေးယူနှိမ်နင်းမှုများနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ချက် (၁ / ၂၀၁၈)

၁။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ရဲဘော်များ သတ်ဖြတ်ခံရမှုအတွက် ဆန္ဒပြလူငယ်များကို ဖမ်းဆီးအရေးယူ ထောင်ချနေခြင်းသည်လည်းကောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးဒေသ ဆန္ဒပြသူများကို သေနတ်ဖြင့် ပစ်ခတ်နှိမ်နင်းသောကြောင့် အသက်သေဆုံးကြရသည်အထိ ဖြစ်ခဲ့ခြင်းသည်လည်းကောင်း မိမိတို့ပြည်သူလူထု၏ အခြေခံပိုင်ခွင့်များအပေါ် အလေးမထား မျက်ကွယ်ပြုသည့် လုပ်ဆောင်မှုများအဖြစ် မိမိတို့ပါတီက ရှုမြင်သုံးသပ်ပါသည်။

၂။ ဆန္ဒပြသူများအပေါ် တန်ပြန် ဖမ်းဆီးအရေးယူခြင်း၊ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းတို့ကြောင့် မလိုလားအပ်သည့် ပြဿနာရပ်များ ဆင့်ပွားဖြစ်ပေါ်စေပြီး၊ လူထုဘဝ တည်ငြိမ် လုံခြုံမှု ပျက်ပြားစေလိမ့်မည် ဖြစ်ပါသည်။ လက်ရှိ ကြိုးပမ်း ဖေါ်ဆောင်နေကြသည့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင်လည်း ထိခိုက် ဆုတ်ယုတ်မှုများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

၃။ မိမိတို့တိုင်းပြည်တွင် အဆင့်ဆင့်သော တာဝန်ရှိအာဏာပိုင်များအနေဖြင့် ပြည်သူအများနှင့် ပတ်သက်သည့် ပြဿနာရပ်များ ကိုင်တွယ်ဖြေရှင်းသည့်အခါ ပြည်သူလူထု၏ အခြေခံဒီမိုကရေစီ အခွင့်အရေးများကို အလေးထားလျက် ငြိမ်းချမ်းစွာ တွေ့ဆုံညှိနှိုင်း အဖြေရှာသော အစဉ်အလာကောင်းကို ကျင့်သုံးသင့်သည်ဟု မိမိတို့ပါတီက ယုံကြည်ပါသည်။

၄။ အာဏာပိုင်အစိုးရအနေဖြင့် အဆိုပါ ဖြစ်ရပ်များကို တရားနည်းလမ်းတကျ ပြန်လည် စိစစ်သုံးသပ်လျက် တာဝန်ရှိသူများကို ဖေါ်ထုတ်အရေးယူခြင်း၊ အကျိုးနစ်နာသူ ပြည်သူများအတွက် လက်ခံနိုင်လောက်သည်အထိ ပြန်လည်ဆောင်ရွက်ပေးခြင်းတို့ အမြန်ဆုံး လုပ်ဆောင်ပေးပါရန် မိမိတို့ပါတီက လေးလေးနက်နက် တိုက်တွန်းတောင်းဆိုအပ်ပါသည်။

ဗဟိုဦးဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၁၈ ခုနှစ်၊ ဇန္နဝါရီလ (၂၀) ရက်။